# LESSON 11 お守(まも)りはありますか

**Omamori wa arimasu ka**

အဆောင်ပစ္စည်းများ ရှိပါသလား။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| ミーヤー：<br>မီးယာ | このTシャツ、見(み)て。<br>Kono tii-shatsu, miꜜte. | ဒီတီရှပ်ကို ကြည့်ပါဦး။ |
| | 「忍者(にんじゃ)」って書(か)いてある。<br>“Niꜜnja” tte kaꜜite aꜜru. | “နင်ဂျာ” လို့ ရေးထားတယ်။ |
| タム　：<br>တမ် | わあ、にんじゃ!<br>Waa, niꜜnja! | ဟယ်၊ နင်ဂျာ။ |
| 店員(てんいん)　：<br>ဆိုင်ဝန်ထမ်း | いらっしゃいませ。<br>Irasshaimaꜜse. | ကြိုဆိုပါတယ်။ |
| タム　：<br>တမ် | すみません。<br>Sumimaseꜜn. | တစ်ဆိတ်လောက်ရှင်။ |
| | お守(まも)りはありますか。<br>Omamori wa arimaꜜsu ka. | အဆောင်ပစ္စည်းများ ရှိပါသလား။ |
| 店員(てんいん)　：<br>ဆိုင်ဝန်ထမ်း | ちょっと…。ここにはありませんねえ。<br>Choꜜtto... Koko niꜜ wa arimaseꜜn nee. | အဲဒါတော့... ဒီမှာ မရှိပါဘူး။ |
| ミーヤー：<br>မီးယာ | タム、お守(まも)りはお寺(てら)にあるよ。<br>Taꜜmu, omamori wa otera ni aꜜru yo. | တမ်၊ အဆောင်က ဘုရားကျောင်းမှာ ရှိတယ်။ |
| タム　：<br>တမ် | お寺(てら)ですか。<br>Otera deꜜsu ka. | ဘုရားကျောင်းလား။ |
| ミーヤー：<br>မီးယာ | 行(い)きましょう。<br>Ikimashoꜜo. | သွားကြရအောင်။ |

### ဝေါဟာရ

| | | |
|---|---|---|
| お守(まも)り　အဆောင်ပစ္စည်း<br>omamori | ある　ရှိတယ်<br>aꜜru | お寺(てら)　ဘုရားကျောင်း<br>otera |

 ©NHK WORLD-JAPAN 

အဓိက အသုံးအနှုန်း

# お守(まも)りはありますか。

Omamori wa arimaꜜsu ka.

အဆောင်ပစ္စည်းများ ရှိပါသလား။

ဆိုင်တွေမှာ ကိုယ်လိုချင်တဲ့ ပစ္စည်း ရှိ၊ မရှိ မေးချင်တဲ့အခါ “[ပစ္စည်းအမည်] wa arimasu ka” လို့ မေးရပါတယ်။ “wa” ဆိုတာက ကတ္တားပုဒ်ကို ညွှန်ပြတဲ့ ဝိဘတ်ဖြစ်ပါတယ်။ “arimasu” ဆိုတာက ပစ္စည်းတွေ၊ အရာဝတ္ထုတွေ ရှိတာကို ဖော်ပြတဲ့ “aru” ဆိုတဲ့ ကြိယာရဲ့ MASU-ပုံစံ ဖြစ်ပါတယ်။

သုံးကြည့်ကြရအောင်

すみません。地図(ちず)はありますか。

Sumimaseꜜn. Chiꜜzu wa arimaꜜsu ka.

はい、こちらです。

Haꜜi, kochira deꜜsu.

တစ်ဆိတ်လောက် ခင်ဗျ။ မြေပုံ ရှိပါသလား။

ဟုတ်ကဲ့၊ ဒီမှာပါ ရှင်။



ကြိုးစားကြည့်ရအောင်

**すみません。～はありますか。** တစ်ဆိတ်လောက်။ XXX ရှိပါသလား။

Sumimaseꜜn. ～wa arimaꜜsu ka.

①**扇子(せんす)**

sensu

ခေါက်ယပ်တောင်



②**忍者(にんじゃ)のTシャツ**

niꜜnja no tii-shatsu

နင်ဂျာ တီရှပ်





ဒီကနေ့အတွက် အပိုဆု စကား

**いらっしゃいませ。**

Irasshaimaꜜse.

ကြိုဆိုပါတယ်။

ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ ဝယ်သူကို ကြိုဆိုနှုတ်ဆက်တဲ့ စကားဖြစ်ပါတယ်။


©NHK WORLD-JAPAN




# အာစာကူစာမှာ လျှောက်ကြည့်ရအောင်

တိုကျိုက အာစာကူစာဟာ နာမည်ကျော် လည်ပတ်စရာနေရာ တစ်ခုဖြစ်ပါတယ်။ ထင်းကနဲ မြင်နိုင်တဲ့ အနီရောင် မီးအိမ် အကြီးကြီးရှိတဲ့ ခါမိနာရီမွန်း ဟာ စဲန်းစိုးဂျိ ဘုရားကျောင်းရဲ့ အဝင် အထွက် တံခါးပေါက်နေရာ ဖြစ်ပြီး အဲဒီနေရာကိုကျော်ရင် နာ့ကာမိစဲဒိုးရီ လမ်း ဆက်ပြီးရှိနေပါတယ်။

ခါမိနာရီမွန်း တံခါးပေါက်




©Sensoji

စဲန်းစိုးဂျိ ဘုရားကျောင်း ပင်မခန်းမဆောင်



©Sensoji

လမ်းရဲ့တစ်ဖက်တစ်ချက်မှာ လက်ဆောင်ပစ္စည်းဆိုင်၊ မုန့်ဆိုင်စတဲ့ ဆိုင်တွေအများကြီး စီတန်းရှိနေပါတယ်။ နာ့ကာမိစဲဒိုးရီ လမ်း အဆုံးမှာ စဲန်းစိုးဂျိ ဘုရားကျောင်းရဲ့ ပင်မခန်းမဆောင် ရှိပါတယ်။

နာ့ကာမိစဲဒိုးရီ လမ်း



©Sensoji

နင်းဂယောယာကီ ဆိုတဲ့ အရုပ်ပုံမုန့်



©Ganso Ningyouyaki Kimurayahonten

အဖြေ

① すみません。扇子(せんす)はありますか。 Sumimaseꜜn. Sensu wa arimaꜜsu ka.

② すみません。忍者(にんじゃ)のTシャツはありますか。 Sumimaseꜜn. Niꜜnja no tii-shatsu wa arimaꜜsu ka.